ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်တန်းမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan ( VDP )

အောင်ချမ်းသာကျေးရွာ၊ အောင်ချမ်းကျေးရွာအုပ်စု

၂၀၁၉ခုနှစ် ကျောက်တန်းမြို့

# မာတိကာ


၁။ ကျောက်တန်းမြို့နယ် မြေပုံ....3

၂။အောင်ချမ်းသာကျေးရွာအုပ်စုပြမြေပုံ....4

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ....5

၄။ကျေးရွာအခြေခံအချက်အလက်များ....5

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်....8

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ....9

၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ....18

၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ....21

၉။ ကော်မတီဝင်များစာရင်း....23

၁၀ ။ပုံစံစ-၁။ကျေးရွာအချက်အလက်....25

၁၁။ ပုံစံ စ ၂။ စီမံကိန်း အချိန်ဇယား....28


၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်....30

၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်....34


၁၄။ အစည်းအဝေးမှတ်တမ်းများ....36

၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)....40

# ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
ကျောက်တန်းမြို့
ရှည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဝဝ -
မြေ -

## ၂။အောင်ချမ်းသာကျေးရွာအုပ်စုပြမြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။အောင်ချမ်းသာကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

**၁။ကျေးရွာသမိုင်းအကျဉ်း**

အောင်ချမ်းသာကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၂၃) မိုင်ခန့်ကွာဝေးသော ရွာတစ်ရွာဖြစ်ပါသည်။ လွန်ခဲ့သောနှစ် (၁၉၀၂)နှစ်ခန့်က ယခုတည်ရှိသော အောင်ချမ်းသာကျေးရွာသည် ရွာ၏ တောင်ဘက် (၁၃၀၀)ခန့် အကွာမှာ တစ်ဘက်ကမ်းမမြင်ရသော ပင်လယ်ရှိပြီး ပင်လယ်ကမ်းစပ်မှာ တဲ (၈) အိမ်ခန့် ဆောက်လုပ်ပြီး လူနည်းစုနေထိုင်ကြပါသည်။ထိုအချိန်မှာ မြောက်မှ တောင်ပင်လယ်ထဲသို့ စီးဆင်သာ ရေမြောင်းငယ်တစ်ခုရှိပြီယခုအခါ ရွာလယ်မှစီးဆင်းသော ချောင်းပေါ်ပေါက်လာပြီး အရှေ့ဘက်ကမ်း အနောက်ဘက်ကမ်း နှစ်အုပ်စု ကွဲသွားပါသည်။

ပင်လယ်မှာတဲဆောက်ပြီး နေထိုင်ကြသောကြောင့် ၎င်းနေသူအားလုံးလို အများအားဖြင့် ပင်လယ်ကမ်းသား/ကမ်းသူဟု ခေါ်ဝေါ်ခြင်းပြုပါသည်။ နေထိုင်သူများသည်ပင်လယ်ကို အမှီပြုပြီး ရေလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းပြုပြီး ပင်လယ်ကြီးမှ သောင်ထွန်းလာသော မြေလွတ်မြေလပ်များ ပေါ်ထွန်းလာသည့် အတွက် လယ်ယာမြေများ တိုးချဲ့ပြီး လယ်ယာမြေကို စတင်လုပ်ကိုင်ကာ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စားသောက်နေထိုင်ကြပါသည်။ နှစ်များကြာလာသောအခါ ပင်လယ်ကမ်းဟုခေါ်ဆိုခြင်းမှ အထက်ဆင်မကော်ကျေးရွာဟု တစ်မျိုးခေါ်တွင်ကြပါသည်။ အထက်ဆင်မကော်ဟု ခေါ်ဆိုခြင်းမှာလည်း ယခု တံတားမြို့အနီး အောက်ဆင်မကော်ကျေးရွာရှိသည့်အတွက် အထက်ဆင်မကော် ဟုဖြစ်သွားပါသည်။

အထက်ဆင်မကော်ဖြစ်ရခြင်းမှာ ဆင်သေမတစ်ကောင် ပင်လယ်ကြီးထဲမှာ ရေတက်ဖြင့် မျောပါလာပြီး ပင်လယ်အစပ်မှာ တင်နေသဖြင့် ၎င်းဆင်သေမကို အကြောင်းပြု၍ အထက်ဆင်မကော်ဟု အမည်တွင်ပါသည်။ အထက်ဆင်မကော်သည် သူကြီးအုပ်ချုပ်မှုခေတ်ဖြစ်လာသော အခါ ချောင်း၏ အနောက်ဘက်ကမ်းကို ရှမ်းချောင်းမှ အုပ်ချုပ်သည်အတွက် လူနေအိမ်ခြေမှ အစ လယ်ယာများကိုပါ ရှမ်းချောင်းကျေးရွာမှ ပိုင်ဆိုင်ပြီး ရှမ်းချောင်းကျေးရွာ အထက် စင်မကော် ကျေးလက်ချောင်း၏ အရှေ့ဘက်ကမ်းကို တူးမြောင်းကျေးရွာမှ အုပ်ချုပ်သည့်အတွက် လူနေအိမ်ခြေမှ အစ လယ်ယာမြေများကို တူးမြောင်းကျေးရွာမှ ပိုင်ဆိုင်ပြီး တူးမြောင်းကျေးရွာ အထက်ဆင်မကော်ကျေးလက်များဖြစ်သည်။ ၎င်းအချိန် ကာလမှာ ကျေးလက်ဖြစ်သည့်အပြင် ရှမ်းချောင်းကျေးရွာ နှင့် တူးမြောင်းကျေးရွာ နှစ်ရွာ၏ အုပ်ချုပ်မှုလက်အောက်ခံနေပြီး လူမှုရေးနိမ့်ပါးပြီး ရရှိသော အခွင့်အရေးများဆုံးရှုံးမှုကို အမြဲတမ်း ခံနေရသည်။

သို့ဖြစ်ပါသောကြောင့် နှစ်ဘက်ကမ်းရှိ လူထုများသည် စုပေါင်းပြီး အစည်းအဝေးပြုလုပ် အကြံဉာဏ်ဖော်ထုတ်ခါ ရွာလူကြီး၊ အကြီးအကဲလူကြီးများ ရပ်မိရပ်ဖများ တိုင်ပင်နှီးနှောပြီး အထက်ဆင်မကော် ကျေးလက် ၂ခုကို တစ်ခုဖန်တီးထားပြီး အောင်ချမ်းသာကျေးရွာ ရရှိရေး အတွက် အထက်အဖွဲ့အစည်း အသီးသီးအား လျှောက်ထားတင်ပြသည် အတွက် ၁၉၉၁-ခု-ဇူလိုင်လ-၂၈ရက်မှာ ကိုယ်ထူကိုယ်ထရွာခွဲကိုရရှိပါသည်။ ယခုအချိန်မှာ အောင်ချမ်းသာ ကျေးရွာအပိုင် လယ်ယာဧက ၄၁၇၄.၃၄ ဧက အိမ်ခြေ ၄၀၁ အိမ် ရှိပြီး ဗုဒ္ဓဘာသာ လူမျိုးများဖြစ်ပြီး လုပ်ကိုင်ကြသည့် လုပ်ငန်းများမှာ စိုက်ပျိုးရေး-မွေးမြူရေး-ရေလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည်။

## ၂။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၄၃၂ | ၈၀၂ | ၇၇၁ | ၁၅၇၃ |

## ၃။ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၂ | ၇၇ | ၇၃ | ၁၅၀ |
| မြေယာမဲ့ | - | - | - | - |
| မသန်စွမ်း | ၈ | ၆ | ၂ | ၈ |

## ၄။အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဆန်စက် | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ခြွေလှေ့စက် | |
| | ဆိတ် | ဈေးဆိုင် | |
| | ဘဲ၊ငါး၊ဂဏန်း | စပါးရိတ်စက် | |

## ၅။ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက် ရရှိမှု | ရေတွင်း/ ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၄၁၇၄ဧက | ၀ | ၁၄၀၆ | ၀ | ၅ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ် စက် | ရိတ်ခြွေစက်၊ ခြွေလှေ့စက် | လယ်ယာ သုံးစက် | ဈေးဆိုင် |
| အရေအတွက် | ၃ | | ၁ | ၅/၃ | ၈ | ၇ |

**၆။ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ**


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၀ | ၅၆ | ၄၅ | ၁၄ | ၄၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၁၇၆ | ၁၅၄ | ၁၀ | ၅၆ | ၆ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၃၀-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၁ | ၆ | ၁၇ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၃၀-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၉ | ၇ | ၁၆ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊နေ့စားလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ၊ဝမ်းစာဖူလုံမှုနှင့်ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၃၀-၁၀-၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၅ | ၁၅ | ၂၀ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၃၀-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူထု | ၆ | ၈ | ၁၄ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၃၀-၁၀-၂၀၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၇ | ၃၀ | ၄၇ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၃၀-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၉ | ၈ | ၁၇ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဥ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ


### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်




**သုံးသပ်ချက်**

အောင်ချမ်းသာကျေးရွာသည် ကျောက်တန်းမြို့နယ်၏ တောင်ဘက်တွင်တည်ရှိပြီး ဗမာလူမျိုးသာ အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာ၏မြောက်ဘက်တွင် တူးမြောင်းကျေးရွာ၊ အနောက်ဘက်တွင် ရှမ်းချောင်းကျေးရွာတည်ရှိပါသည်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး မွေးမြူရေးတွင် ကြက်၊ဝက်၊ဆိတ်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ရေလုပ်ငန်းမွေးမြူရေးတွင် ငါး၊ ဂဏန်းတို့ကို လူအနည်းစု လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စာသင်ကျောင်း(၁)ကျောင်း၊ ဆေးခန်း(၁)ခု၊ ရေကန်(၄)ကန် ရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းများနှင့် မြေသားလမ်းများဖြစ်ပါသည်။ ပထမနှစ်နှင့်ဒုတိယနှစ်တွင် ကျေးရွာတွင်းလမ်းများကို ပြုပြင်တိုးချဲ့ခဲ့ပြီး ယခုနှစ်တွင်လည်း ကျေးရွာတွင်းရှိ လမ်းများကို ပြုပြင်တိုးချဲ့သွားမည်ဖြစ်ပါသည်။ ကျေးရွာတွင်လျှပ်စစ်မီးရရှိမှုမရှိပါ။ ကျေးရွာတွင် ဘုန်းကြီးကျောင်း(၁)ကျောင်း၊ စေတီ(၁)ဆူလည်း ရှိပါသည်။

## ၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ

ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

30. 10. 2019


| စဉ် | အဆင့် | သတ်မှတ်ချက် / ရည်ညွှန်းချက် | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ပြေလည်သော | စပါးရိတ်စက်၊ ထွန်စက်၊ လယ်ကေ (၂၀၀)ကျော်၊ တိုက်အိမ် | 5 | 1 % |
| ၂။ | အလယ်အလတ် | နွားပျံစက်၊ ကွန်ဒေါင်း၊ လယ်ကေ (၃၀)၊ သွပ်မိုး ပျဉ်ကာ | 50 | 12 % |
| ၃။ | နွမ်းပါး | ခနိမိုး၊ ထရံကာ၊ မွေးမြူရေးလုပ်ကိုင်ခြင်း | 377 | 87 % |
| | | | 432 | 100 % |

ပါဝင်ဆွေးနွေးသူ - ကျား (၅)၊ မ (၁၀)

## သုံးသပ်ချက်

အောင်ချမ်းသာကျေးရွာတွင် ပြေလည်သောအဆင့်၊ အလယ်အလတ်ပြေလည်သောအဆင့်၊ နွမ်းပါးသောအဆင့် ဟူ၍ အဆင့်(၃)ဆင့် သတ်မှတ်ထားပါသည်။ ပြေလည်သောအဆင့်တွင် စပါးရိတ်စက်၊ ထွန်စက်၊ ဆိုင်ကယ်၊ လယ်ကေ(၂၀၀)ကေအထက်၊ တိုက်အိမ် တို့ကိုပိုင်ဆိုင်ပြီး အိမ်ထောင်စုမှာ(၅)အိမ်ထောင်စု၊ ရာခိုင်နှုန်းမှာ (၁)%ရှိပါသည်။ အလည်အတတ်ပြေလည်သောသူတို့သည် နွားပျံ၊ ကွန်ဒေါင်း၊ လယ်ကေ(၃၀)ကေ၊ သွပ်မိုးအိမ်၊ပျင်ကာ တို့ကို ပိုင်ဆိုင်ကြပါသည်။ အိမ်ထောင်စုမှာ(၅၀)အိမ်ထောင်စု၊ ရာခိုင်နှုန်းမှာ(၁၂)% ရှိပါသည်။ နွမ်းပါးသောအိမ်ထောင်စုတွင် ဓနိမိုး၊ ထရံကာ၊မွေးမြူရေးလုပ်ကိုင် ကြပြီး အိမ်ထောင်စုမှာ(၃၇၇)စု၊ ရာခိုင်နှုန်းမှာ (၈၇)% ရှိပါသည်။ ကျေးရွာအတွင်းတွင် နွမ်းပါးသူများပြားရခြင်းမှာ အရင်းအနှီးနည်းပါးခြင်း၊ ကိုယ်ပိုင်စီးပွားရေး မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

၃။ရာသီခွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်။




## သုံးသပ်ချက်

### ရာသီဥတု

တန်ခူး၊ကဆုန်လများတွင် နေသာပြီး နယုန်လမှစ၍ တန်ဆောင်မုန်းလထိ မိုးရွာသွန်းပါသည်။ ကျန်လများတွင် နှင်းကြပြီးနေသာသည်ကို တွေ့ရပါသည်။

### စိုက်ပျိုးရေး

နယုန်လတွင် စပါးကိုစတင်ထွန်ယက်ပြီး ကဆုန်လတွင် စတင်စိုက်ပျိုးပါသည်။စပါးကို သီတင်းကျွတ်လတွင် ရိတ်သိမ်းကြပါသည်။ ပဲတီစိမ်းကို တန်ဆောင်မုန်းလတွင် စတင်ထွန်ယက်စိုက်ပျိုးပြီး တပို့တွဲ၊ တပေါင်းလများတွင် ဆွတ်ခူးကြပါသည်။

### မွေးမြူရေး

ကဆုန်၊ နယုန်လများတွင် ကြက်ကိုအများဆုံးမွေးမြူကြပါသည်။

### ပွဲတော်

တန်ခူးလတွင် သင်္ကြန်ပွဲတော်ကို ကျင်းပကြပြီး ကဆုန်လတွင် ညောင်ရေသွန်းကြပါသည်။ သီတင်းကျွတ်လတွင် သင်္ကန်းကပ်လှူကြပြီး တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်ကို ကျင်းပကြပါသည်။တပေါင်းလများတွင် ဘုရားပွဲတော်ကို ကျင်းပပါသည်။


**ကျန်းမာရေး**

တန့်ခူး၊ ဝါဆိုလများတွင် ရာသီကူးပြောင်းဖြစ်ပြီး ဖျားနာတက်၍ နတ်တော်လများတွင် ကလေးများဖျားနာတက်ပါသည်။

**ဝင်ငွေ**

စပါးပဲများရိတ်သိမ်းပြီးချိန်တွင် ဝင်ငွေပေါများပြီး ကျန်လများတွင် မွေးမြူရေးလုပ်ငန်းများရှိ၍ ဝင်ငွေအသင့်အတင့်ရရှိပါသည်။

၄။ဗင်းပုံစံသုံးသပ်ချက်။





## သုံးသပ်ချက်

ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာ၏ ရပ်မိရပ်ဖအဖွဲ့၊ လူမှုရေးအဖွဲ့၊ ဘာသာရေးအဖွဲ့၊နာရေးကူညီမှု၊ အကြြင်နာရင်ခွင်အဖွဲ့ များသည် ကျေးရွာ၏ သာရေးနာရေး၊ လူမှုရေး ကိစ္စရပ်များကို ချိတ်ဆက်ဆောင်ရွက် ပါသည်။ မီးသတ်တပ်ဖွဲ့သည် ကျေးရွာအတွင်း မီးဘေးဒုက္ခများ မကျရောက်အောင် ချိတ်ဆက်ဆောင် ရွက်ပြီး ကျန်းမာရေးအဖွဲ့သည်လည်း ကျေးရွာလူထု၏ ကျန်းမာရေးအတွက် ချတ်ဆက်ဆောင်ရွက်ပေး ပါသည်။ ပညာရေးအဖွဲ့သည်း ကျေးရွာအတွင်း အသိပညာပေးများရန် ဆောင်ရွက်ပေးပါသည်။ ကျေးရွာ အတွင်း စီးပွားရေးအဆင်ပြေပြီး အရင်းအနှီးရရှိရန် နန်းရော့၊ ပက်စ်မြန်မာ၊ဘီဂျီ၊ မြစိမ်းရောင်တို့သည် ပံ့ပိုးပေးလျက်ရှိပါသည်။ လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာအတွင်းတွင် လိုအပ်ချက်များကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာပြင်ပတွင် ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ မြို့နယ်အုပ်ချုပ်ရေး၊ မြို့နယ်တရားရေး၊ ရဲစခန်း စသောအဖွဲ့အစည်းများသည် ကျေးရွာလုံခြုံရေး အတွက် ကျေးရွာအတွင်း အဖွဲ့အစည်းများနှင့်
ချိတ်ဆက်နေပါသည်။မြို့နယ်ထွေအုပ်၊စိုက်ပျိုးရေးဘဏ်၊မြစိမ်းရောင်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့သည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် လူထုဗဟိုပြုစီးမံကိန်းသည်လည်း ကျေးရွာ၏ လိုအပ်ချက်များကို ဆောင်ရွက်လျက်ရှိပါသည်။ မြို့နယ်ဘီဂျီ၊ ပက်စ်မြန်မာ၊ နန်းရော့ တို့သည် ကျေးရွာရှိအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီးဆောင်ရွက်လျက်ရှိပါသည်။

## ၅။ပင့်ကူအိမ်သုံးသပ်ချက်။




## သုံးသပ်ချက်

### ဦးဆောင်နိုင်မှု

ကျေးရွာ၏ ဘာသာရေး၊ သာသနာရေး အစရှိသည်တွင် အမျိုးသားများ၏ ဦးဆောင်နိုင်မှု မှာ အမျိုးသမီး များထက်ပိုသာကို တွေ့ရပါသည်။

### အလုပ်အကိုင်အခွင့်အလမ်း

အမျိုးသားများသည် ဝင်ငွေပိုများသောကြောင့် အမျိုးသမီးများထက် အလုပ်အကိုင်အခွင့်အလမ်း များသည်ကို တွေ့ရပါသည်။

### အိမ်မှုကိစ္စ

အမျိုးသားများထက် အမျိုးသမီးများသည် ရေးရိုးစွဲအစဉ်အလာများကြောင့် အိမ်မှုကိစ္စများပို၍ လုပ်ကိုင်ရပါသည်။

## ဘဝလုံခြုံ

အမျိုးသမီးများသည် အမျိုးသားများထက် အင်အားနည်းပါးပြီး အမျိုးသားများနှင့်တန်းတူသွားလာရန် မသင့်တော်ဘဲ ဘဝလုံခြုံမှုနည်းပါးသည်ကို တွေ့ရပါသည်။

## ကျန်းမာရေး

အမျိုးသမီးများနှင့် အမျိုးသားများသည် တန်းတူ ကျန်းမာရေးကောင်းမွန်သည်ကို တွေ့ရပါသည်။

## ဝင်ငွေရရှိမှု

အမျိုးသားများသည် အလုပ်အကိုင်များပြားပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်ရသဖြင့် အမျိုးသားများက ပို၍ဝင်ငွေပေါ်များသည်ကို တွေ့ရပါသည်။

## ပညာရေး

အမျိုးသမီးများသည် အမျိုးသားများထက် ပညာသင်ကြားခွင့်ပိုရပြီး ပညာတက်မြောက်သည်ကို တွေ့ရပါသည်။

## အသင်းအဖွဲ့ဝင်ပါဝင်နိုင်မှု

အမျိုးသမီးများသည် အမျိုးသားများနည်းတူ အသင်းအဖွဲ့များတွင်ပါဝင်ခွင့် တန်းတူရရှိကြသည်။

## ၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။






## သုံးသပ်ချက်

### အသုံးပြုမှု

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော သိမ်၊လယ်ထွန်စက် တို့ကိုအမျိုးသားများက အများဆုံးအသုံးပြုပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက အသုံးပြုကြပါသည်။ ဆိုင်ကယ်၊စက်ဘီး၊ ရေကန်၊ရေတွင်း၊လမ်း၊စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊စေတီ၊ချောင်း ဓမ္မာရုံ၊ အုပ်ချုပ်ရေးမှူးရုံးတို့ကို အမျိုးသား၊အမျိုးသမီးနှစ်ဦးလုံးက အသုံးပြုကြပါသည်။

### ထိန်းချုပ်မှု

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော ထွန်စက်၊ စေတီ၊ဘုန်းကြီးကျောင်း၊စက်ဘီး၊ လယ်၊ ဓမ္မာရုံ၊ သိမ် တို့ကိုအမျိုးသားများက ထိန်းချုပ်ထားပြီး အပ်ချုပ်စက်ကို အမျိုးသမီးများက ထိန်းချုပ်ထားပါသည်။ ရေကန်၊လမ်း၊ ချောင်း၊ စာသင်ကျောင်း၊ ဆိုင်ကယ်၊ ဘုန်းကြီးကျောင်းတို့ကို အမျိုးသားများ၊အမျိုးသမီးနှစ်ဦးလုံးက ထိန်းချုပ်ထားပါသည်။

## ၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ

### ၁။အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ရပ်မိရပ်ဖများသို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

## ၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင်အမျိုးသမီးကဏ္ဍအတွက်စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။ ။ ရက်စွဲ - ၂၉-၁၀-၂၀၁၉**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကိုရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင်ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက်(၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကို ရွေးချယ်ခြင်း၊ ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ ဆင်းရဲ/ နွမ်းပါး/ ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင်ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့နေရသောအခတ်အခဲများကိုသင်ဆွေးနွေးမေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် | | မှတ်ချက် |
|---|---|---|---|---|
| | | √ | X | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများ ရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြား ဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်အမျိုးသမီး၊ အမျိုးသားအချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်များတွင်အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက်စည်းရုံးဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်အုပ်စုများအပေါ်မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှုရှိ/မရှိစစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |

## ၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ




စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ။



လူမှုဆန်းစစ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီအဖွဲ့ဝင်များ မှတ်တမ်းဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မစတင်မီ မှတ်တမ်းဓါတ်ပုံ

## ၉။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမောင်မိုး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီခေါင်းဆောင် |
| ၂ | ဒေါ်သိန်းအေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီခေါင်းဆောင် |
| ၃ | ဦးအောင်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီခေါင်းဆောင် |
| ၄ | ဦးဇော်ဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်ခင်မြင့်ရီ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးသန်းလှိုင် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီခေါင်းဆောင် |
| ၇ | ဦးအောင်သန်းညွှန့် | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဒေါ်အေးရီ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၉ | ဦးကြည်မြင့် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဦးသိန်းမြင့် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်အေးအေးမာ | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးစိန်ကျော် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်ငွေငွေဝင်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးဖြိုးမင်းသူ | ကျား | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်သန်းမြင့် | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်သင်းဇာဦး | မ | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်ချိုသဲ | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဒေါ်သွယ်ဦးလှိုင် | မ | ကျေးရွာစရင်းကိုင် |

စုစုပေါင်း။ (၁၈) ယောက် ကျား-(၉)ယောက်+မ- (၉) ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဦးမောင်မိုး | √ | | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၂ | ဒေါ်သင်းသင်းမာ | | √ | ဥက္ကဋ္ဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၃ | ဒေါ်သိန်းအေး | | √ | ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၄ | ဦးကျော်ရွှေ | √ | | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၅ | ဒေါ်မူမူဝင်း | | √ | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၆ | ဦးလင်းလင်းထွန်း | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၇ | ဒေါ်ခင်ထွေးရီ | | √ | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |
| ၈ | ဦးဖြိုး | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | အောင်ချမ်းသာ ကျေးရွာ |

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်စိုးဇာလီဦး

ရာထူး - လူထုစည်းရုံးရေးမှူး

# ၁၀ ။ပုံစံ-၁။ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်၊** ကျေးရွာတစ်ရွာသို့ ပထမဆုံးဆိတ်ဆက်ခဲ့ပြီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရယူ၍ တောင်းခံရသည်၊ ဤအချက်အလက်များကို စီမံကိန်းဆိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်၊ စီမံကိန်းဆိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်၊ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးရဲညွန့်. | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>၀၉-၇၇၅၆၆၅၈၁၁၇ | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ်ဆို့ ဇာဒီဦး: | |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ရန်ကုန် | မြို့နယ်<br>ကျောက်တန်း | ကျေးရွာအုပ်စု<br>ဇောင်ချမ်းသာ | ကျေးရွာ<br>အောင်ချမ်းသာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၄၃၂ | ဘာသာ (၁) ဗုဒ္ဓ | ၄၃၉ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ---------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၈၀၂ | ၇၇၁ |
| လူမျိုးစု (၁)-ဗမာ | ၈၀၂ | ၇၇၁ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၃၈၀ | ၅၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☐ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလွန်ကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

**(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်**

(၁) လူထုပေါ်ပြူစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/**မရှိပါ**/မသိပါ (ဝိုင်းပါ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်---------/မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်---------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ---------------

မိုးရာသီတွင်ကြာချိန်---------------

ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား ---------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုခြင်း ရှိပါသလား။

[x] မရှိပါ — □ ရှိပါသည် — ရှိလျှင်ဖော်ပြပါ ---------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုပေါ်ပြူစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဗုဒ္ဓဘာသာ ကျောင်း — (၂) ---------------

(၃) နှမ်းလေဟု — (၄) ---------------

(၅) --------------- — (၆) ---------------

(၇) --------------- — (၈) ---------------

(၉) --------------- — (၁၀) ---------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

□ မရှိပါ — [x] ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် ဦးရဲဇော် — လက်မှတ် — နေ့ 29-10-2019

လူထုစည်းရုံးရေးမှူး — အမည် ဒေါ်ခိုင်ဆာဗိုဗို — လက်မှတ် — နေ့စွဲ 29.10.2019

# ၁၁။ ပုံစံ စ ၂။ စီမံကိန်း အချိန်ဇယား

ပုံစံ - စ-၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| |
|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်းကျေးရွာနှင့် ကျေးရွာအုပ်စုအတွက်ဤ ပုံစံကို ဖြည့်သွင်းရမည်။* |
| စည်းရုံးရေးမှူး/လက်ထောက်နည်းပညာရေးမှူးဝန်ထမ်း အမည် - [illegible] |

| နေ့စွဲ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☑ စက်ဝန်း (၄) |
|---|---|

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ဖောင်ချမ်းသာ | ဖောင်ချမ်းသာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၇.၁၀.၂၀၁၉ | ၂၇.၁၀.၂၀၁၉ | 125 | 107 | ၂၃၂ | ဗမာ | ၂၃၂ | ၄၃၂ | ၅၃.၇ % |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃၀.၁၀.၂၀၁၉ | ၃၀.၁၀.၂၀၁၉ | 122 | 98 | ၂၂၀ | ဗမာ | ၂၂၀ | ၄၃၂ | ၅၀.၉၃ % |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |

| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | မလို | မလို | မလို | မလို | မလို | မလို | မလို | မလို |
|---|---|---|---|---|---|---|---|---|
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲအပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| | | |

## ၁၂။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| မှတ်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုဖြည့်စွက်ရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - [illegible] |

| | | | |
|---|---|---|---|
| နေ့စွဲ ၂၉.၁၀.၂၀၁၉ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) ☑ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရန်ကုန်တိုင်းဒေသကြီး | မြို့နယ် ကျောက်တန်းမြို့နယ် | ကျေးရွာအုပ်စု ဆောင်ချမ်းသာ | ကျေးရွာ ဆောင်ချမ်းသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည့်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ကျေးရွာတွင်းလမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း | □ ကျား □ မ ☑ ကျား+ မ |
| [illegible] | □ ကျား ☑ မ □ ကျား+ မ |
| သောက်သုံးရေ မလုံလောက်ခြင်း အခက်အခဲ | ☑ ကျား □ မ □ ကျား+ မ |
| ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲရှိခြင်း | □ ကျား ☑ မ □ ကျား+ မ |
| ကျန်းမာရေးစောင့်ရှောက်မှု နည်းပါးခြင်း | □ ကျား □ မ ☑ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |
| | □ ကျား □ မ □ ကျား+ မ |

၆။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျှာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ ဆွေးနွေးမှုများမှ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျှာထားချက်များ | |
|---|---|
| ပညာရေး အသိပညာများ ပြန့်ပွားလာခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| အားကစားကွင်း ရရှိလာခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း | ☑ ကျား ☐ မ ☐ ကျား+ မ |
| ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိလာခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| သောက်သုံးရေ လုံလောက်လာခြင်း | ☐ ကျား ☐ မ ☑ ကျား+ မ |
| [illegible] များ ပေါများလာခြင်း | ☐ ကျား ☑ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |
| | ☐ ကျား ☐ မ ☐ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄)နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေ အတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ကျေးရွာတွင်း လမ်းများ ပြုပြင်တိုးချဲ့ခြင်း | ကျား+မ | လမ်းပန်း ဆက်သွယ် ရေး | 1 | ၃၀၇၃၅၅၆ | 802 | 771 | 1573 |
| ၂ | [illegible] အားကစားကွင်း | ကျား+မ | ပညာရေး | 2 | ၄၀၀၀၀၀ | 802 | 771 | 1573 |
| ၃ | တံတားပြုပြင်ခြင်း | ကျား+မ | လမ်းပန်း ဆက်သွယ် ရေး | 3 | ၆၀၀၀၀၀ | 802 | 771 | 1573 |
| ၄ | သောက်ရေကန်တူးခြင်း | ကျား+မ | ရေရရှိရေး | 4 | ၇၀၀၀၀၀၀ | 802 | 771 | 1573 |
| ၅ | ဆေးပေးခန်းတိုးချဲ့ခြင်း | ကျား+မ | ကျန်းမာရေး | 5 | ၈၀၀၀၀၀၀ | 802 | 771 | 1573 |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစားပေး အဆင့် သတ်မှတ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အကျိုးပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကောင်းသော ရွှေမြီးဆောင်ရှည် ပြုမှုသင်တန်း | ကျား + မ | အသက်မွေးဝမ်းကျောင်း |
| ၂ | ချောင်း/မြောင်းများတူးဖော်ခြင်း | ကျား + မ | အခြား |
| ၃ | စက်ချုပ်သင်တန်း | ကျား + မ | အသက်မွေးဝမ်းကျောင်း |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မတီမှအတည်ပြုသည်။

အမည် ဦး ဆောင်မိုး လက်မှတ် [signature] နေ့စွဲ 29.10.2019

# ၁၃။ ခြားနားသော အပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်၊အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်၊MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | မြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ကျေးရွာတွင်းလမ်းများ ပြုပြင်တိုးချဲ့ခြင်း | ☑မ ☑ကျား | | |
| | ၂ | စာသင်ကျောင်း က အကာအကွယ် ပြုလုပ်ခြင်း | ☑မ ☑ကျား | | |
| | ၃ | တံတား ပြုပြင်ခြင်း | ☑မ ☑ကျား | | |
| | ၄ | သောက်ရေကန်တူး ဖော်ခြင်း | ☑မ ☑ကျား | | |
| | ၅ | ဆေးပေးခန်း တိုးချဲ့ ခြင်း | ☑မ ☑ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | တောင်သူ [illegible] ရှင်သန်စိုက်ပျိုးရေးသင်တန်း | ☑မ ☑ကျား | | |
| | ၂ | စက်ချုပ် သင်တန်း | ☑မ ☑ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | စ | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ချောင်း၊ မြောင်းများ တူးဖော်ခြင်း | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

## ၁၄။ အစည်းအဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ .......... ဆောင်ချမ်းသာ

ကျေးရွာအုပ်စု .......... ဆောင်ချမ်းသာ

အစည်းအဝေးပြုလုပ်သည့်နေရာ .......... ကျေးရွာသုံး ဆောက်ကြီး ကျောင်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် .......... ၁၄. ၁၀. ၂၀၁၉

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ .......... ပထမ အကြိမ် မိတ်ဆက်အစည်းအဝေးပြုလုပ်ခြင်း

အစည်းအဝေးတတ်ရောက်သူဦးရေ ။ ။ ကျား ( ၁၂၅ )၊ မ ( ၁၀၇ ) စုစုပေါင်း ( ၂၃၂ )

ရည်ရွယ်ချက် ။ ။ ပထမအကြိမ်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်း၊ စေတနာ့ဝန်ထမ်းရွေးချယ်ခြင်းနှင့် PRA Tools များရေးဆွဲခြင်း။

ဆွေးနွေးချက်များ ။ ။ ထောက်နည်းပညာမှူး ဦးဝင်းကိုအောင်မှ စီမံကိန်း မိတ်ဆက်ပြီး၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ တာဝန်အဆင့်များ အကြောင်းကို ရှင်းလင်းပြောကြားခဲ့ပါသည်။ စေတနာ့ဝန်ထမ်း တာဝန်တွင် ကျေးရွာလူထုနှင့် ကော်မတီမှာ ယခုထက် ပိုပြီး စည်းလုံးညီညွတ်စွာ စီမံကိန်းအား ပါဝင်ဆောင်ရွက်ပေးပါရန် ပြောကြားခဲ့ပါသည်။ စီမံကိန်း စက်ဝန်းတွင် အဆင့်အလိုက် ဆောင်ရွက်ပြီး အပိုင်း (၆) ပိုင်း အဆင့်များဖြင့် (၁၄) အဆင့်ပါဝင် ကြောင်း ပြောကြားခဲ့သည်။ စီမံကိန်း ဝင်ရောက်လာသည်မှာ လေးနှစ်ပြည့်ပြီဖြစ်သောကြောင့် ကျေးရွာအတွက် လိုအပ်ချက်များလည်း ဖြည့်ဆည်းလာပြီဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက် (၂)။ ။ ဆက်လက်ပြီး ကျေးရွာဒေသနှင့် ဝန်ထမ်းများအား ဆွေးနွေးရာတွင် ကော်မတီမှ ဆက်လက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ပြောကြားသဖြင့် ကျေးရွာလူထုမှ လည်း သဘောတူညီခဲ့ပါသည်။

ဆွေးနွေးချက် (၃)။ ။ ဆက်လက်၍ PRA Tools (၆)ခု အား ကျေးရွာတွင် အစည်းအဝေး တက်ရောက်လာသော အမျိုးသား၊ အမျိုးသမီး (၁) ဦး ဖိတ်ခေါ်၍ ဆွေးနွေးခဲ့ပါသည်။ ကျေးရွာ လူမှုရေးအကြောင်းအမြေပြမြေပုံတွင် ဆင်းရဲ လူတန်းများနှင့် ကျန်ရှိနေသော လူဝင်စားအုပ်စုများကို မှတ်သားအရေးဆွဲခဲ့ပါသည်။ ပင့်ကူမြေပုံရေးဆွဲရာတွင် အမျိုးသား၊ အမျိုးသမီး ပြောင်းလဲတိုးတက်လာသော ကွန်ရက်များကို ရေးဆွဲပြီး ဇယားပုံတွင် ထပ်မံလာသော ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ပြင်ပ အဖွဲ့အစည်းများကို ထပ်မံဖြည့်သွင်းခဲ့ပါသည်။ ကျန်ရှိနေသော အကြောင်းအဖြစ်များကိုလည်း ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

ဆုံးဖြတ်ချက်။ ။ ကျေးရွာလူထုအား ဆောင်ရွက်ဝန်ထမ်းနှင့် PRA Tools ပုံစံများအား ရှင်းလင်းဆွေးနွေးပြီး သဘောတူညီမှုရရှိ၍ ဆုံးဖြတ်ချက်ချမှတ်ပြီး၊ အစည်းအဝေးကို (၃:၃၀) တွင် ပြီးဆုံးခဲ့ပါသည်။

[signature]

မှတ်တမ်းတင်သူ

ဒေါ်ရီရီဝေ

ကျေးရွာအမည် - ထောင်ချမ်းသာ

ကျေးရွာအုပ်စုအမည် - ထောင်ချမ်းသာ

မြို့နယ်အမည် - ကျောက်ထရိုး

အစည်းအဝေးပြုလုပ်သည့်နေ့ရက် - ၁၇.၁၀.၁၈

အစည်းအဝေးပြုလုပ်သည့် အချိန် - ၁၁:၀၀ နာရီ မှ ၁၂:၀၀ နာရီ ထိ

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ - ဒုတိယအကြိမ် အစည်းအဝေး ပြုလုပ်ခြင်း။

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ( ၃၅ )၊ မ ( ၁၅ )၊ ပေါင်း ( ၅၀ )။

ရည်ရွယ်ချက် ။ ။ ကော်မတီများ ဖွဲ့စည်းရန် အတည်ပြု ရွေးချယ်ခြင်း၊ လုပ်ငန်းစုများ ဖွဲ့စည်းရန် အတည်ပြု ရွေးချယ်ခြင်း။

ဆွေးနွေးချက် ။ ။ လက်ထောက်နည်းပညာ မှူး ဦးမျိုးထက်အောင်မှ ဒုတိယအကြိမ် အစည်းအဝေးတွင် ပြုလုပ်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြီး အကျိုးဝင်သောလုပ်ငန်းနှင့် အကျုံးဝင်သော လုပ်ငန်းစုများကို ရှင်းလင်းပြီး တတိယအကြိမ် တွင်ပြုလုပ်မည့် လုပ်ငန်းစုများကိုအား ဖြင့် ရှင်းလင်းတင်ပြ ရွေးချယ်ခဲ့သော လုပ်ငန်းစုများကိုဆက် လက်ပြုလုပ်ရမည်ဟု ပြောကြားခဲ့ပါသည်။ လုပ်ငန်းစုများမှာ

① ရွာတွင်းလမ်းများ ပြုပြင်ခြင်း ② စာသင်ကျောင်း ပြုပြင်ခြင်း ③ တံတား ပြုပြင်ခြင်း ④ သောက်သုံးရေ ကန်တူး ခြင်း ⑤ ဆောက်လုပ်ရေး ပြုပြင်ခြင်းတို့ ဖြစ်ပါသည်။ ထို့နောက် ကျေးရွာလူထုမှ မဲပေး၍ ကော်မတီများ၏ တာဝန် ဝတ္တရားများကို ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ ကျေးရွာ၏ ထောက်ခံ ဦးအောင်မြင့်နှင့်

ဒေါ်သိန်းအေး တို့သည် ဆက်လက်တာဝန်ထမ်းဆောင်ပြီး ပေါက်ပင်ဒူ ရေး ကော်မတီတွင်
ဦးအောင်ဝင်း ၊ ဦးစော်ဝင်း ၊ ဒေါ်ခင်ဖြူဇံ တို့ မှာ ဆက်လက်တာဝန်ထမ်း
ဆောင်ပါသည်။ ဈေးချော် ကြည့်ကြီး ကြပ်ရေး ကော်မတီတွင် ဦးသိန်း ကြိုင်၊ ဒေါ်စောရီ
ဦးအောင်သိန်းညွန့် တို့သည် ပြောင်းလဲခြင်း မရှိဘဲ ဝေဖန်အကြံပြု ကော်မတီ
တွင် ဦးစိုးကျော် ၊ ဒေါ်မြမြဝင်း တို့မှာ ပြောင်းလဲခြင်း မရှိဘဲ ဆက်လက်
တာဝန်ထမ်းဆောင်ပါသည်။ ကျေးရွာတော်ထိန်းသိမ်းရေး ကော်မတီတွင် ဦး ကြည်ဖြင့်
ဦးသိန်းမြင့် ၊ ဒေါ်အေးအေးမာ တို့မှာ ပြောင်းလဲခြင်းမရှိဘဲ စာရင်း ကိုင်
ဒေါ်သူဇာဝင်း ကြိုင်တို့ မှာ ဆက်လက်တာဝန်ထမ်းဆောင်ပါသည်။ တို့နောက်
အုပ်ချုပ်ရေး ကော်မတီများကို ပြန်လည်ဖွဲ့စည်းရာ ဥက္ကဋ္ဌ အုပ်ချုပ်ရေး တောက်
ဥက္ကဋ္ဌ ဦးမောင်ဖိုး ၊ ဒေါ်အေးအေးမာ တို့ဖြစ်ပြီး ဘဏ္ဍာရေး ဆပ်ကော်မတီ
တွင် ဒေါ်သိန်းအေး ၊ ဒေါ်ယုယုဝင်း ၊ ဦးကျော်မြ တို့မှာ ပြောင်းလဲခြင်း မရှိ
ဘဲ ဆက်လက်တာဝန်ထမ်းဆောင်သွားပါသည်။ အုပ်ချုပ်ရေးတွင် ဦးလှ ၊ ထွန်း
ဒေါ်ခင်ထွေးရီ ၊ ဦးဖြိုး တို့မှာ ဆက်လက်တာဝန်ထမ်းဆောင်ပါသည်။
ကျေးရွာ လူထု မှ လည်း သဘောတူညီကြောင်း ပြောကြားခဲ့ပါသည်။

သဘောတူညီချက်။ ။ ထိုသို့ အကြိမ်ကြိမ် အစည်းအဝေးတွင် ဆွေးနွေးခဲ့သော အကြောင်း

အရာများကို သဘောတူညီကြောင်း ပြောကြားပြီး (၉း၀၀)

နာရီအချိန်တွင် အစည်းအဝေး ပြီးဆုံးခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ဝါဝါနိုင် (CF)

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- 3.10.2018 ကျေးရွာ- အောင်ချမ်းသာကျေးရွာ VDP ရက်စွဲ- 4.10.2018
မြို့နယ်- ကျောက်တန်းမြို့နယ် ကျေးရွာအုပ်စု- အောင်ချမ်းသာကျေးရွာ

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- ○ မျက်နှာဖုံး (အဖုံး)
- ○ မာတိကာ
- ○ ကျေးရွာအခြေခံ Data
- ○ PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ○ ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- ○ အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း
  (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- ○ လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်
  (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊vennပုံ...
- ○ ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ○ ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ○ ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- ○ VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- ○ လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း-
- ○ PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်-
- ○ ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း
  (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
  - ▪ အလွန်ကောင်း
  - ▪ ကောင်း
  - ▪ ညံ့
- ○ လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။
  - ▪ ရှိ
  - ▪ မရှိ
- ○ စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-၊
- ○ PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်
  (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-